
THE
FLOWER MOON
TRANSLATION TEAM
ပူကြူးလေးရဲ့ စူပါဒယ်ဒီ
(Chapter 95 - 120)
စာစဥ် – ၆

အပိုင်း (၉၅)

အရမ်း ဒေါသထွက်လွန်းလို့ အန်ချင်သလိုတောင်ဖြစ်လာတယ်။

"မသိဘူးလား။ ဒီနှစ်တွေအတွင်း မင်း အဝေးရောက်နေတုန်းက မင်းရဲ့ အဖိုးနဲ့ အဖွား၊ မင်းရဲ့အဖေ၊ မင်းရဲ့အစ်မ... ငါဆို့အကုန်လုံး မင်းအကြောင်း စဉ်းစားမိနေကြတာ။ မင်း အိမ်ပြန်လာမယ့်နေ့ကိုဘဲ ငါတို့စောင့်နေကြ တာ။"

"ဟုတ်လား။ ကျွန်မအကြောင်းစဉ်းစားပြီး ကျွန်မအတွက် တွေးပေးတဲ့လူ တွေ အများကြီး ရှိတယ်ဆိုတာ ကျွန်မ ဘယ်လိုလုပ် မသိခဲ့ပါလိမ့်။"

ဝက်များ ပျံနိုင်သည့်အချိန်မှပင် သူမ ဆူရှုအီ၏စကားများအား ယုံပေ မည်။ ဆူရှုအီသည် သူမအား အိမ်ပြန်မလာစေချင်ဆုံးလူတစ်ယောက်ဖြစ် ကာ ရှုရှင်းရိုသည်လည်း နောက်ထပ်လူတစ်ယောက်ဖြစ်ကြောင်း ရှုရှီယန် ကောင်းကောင်းသိပေသည်။ အမေဖြစ်သူနှင့် သမီးဖြစ်သူ နှစ်ယောက်စလုံး သည် ရှုရှီယန်အား ဖယ်ရှားရှင်းလင်းပစ်ရန် အမြဲစိတ်ကူးနေကြသည်။ ထို့ မှသာ သူမတို့ ရှုမိသားစုအား အုပ်စိုးနိုင်ပေမည်။

"ဟုတ်တယ်၊ အမှန်ပြောနေတာ။ အကုန်လုံးက မင်းကို သတိရနေတာ။"

ရှုရှီယန်အား ခေါင်းစခြေဆုံး ဆူရှုအီကြည့်လိုက်ကာ သူမ၏ပက်ကိုယ် စရိုက်တွင် ပြောင်းလဲမှုအကြီးတစ်ခုဖြစ်ကြောင်းနှင့် သူမသည် အရင်က ထက်ပင် ပို၍ လှလာကြောင်းကို ဆူရှုအီသတိထားမိလိုက်သည်။ စိတ် အတွင်းကြိတ်ကာ လှောင်နေသည်။

ဘယ်လိုလုပ်ပြီး သူက ပိုလှလာရတာလဲ။ အရင်ငါးနှစ်အတွင်း ဘာတွေများ စားနေခဲ့တာလဲ ။

ဆူရှူအီသည် အလွန်လည်ကာ ပါးနပ်သည့်မိန်းမတစ်ယောက်ဖြစ်သည်။ ရှုရှီယနါ၏လက်ထဲမှ အိတ်အားမြင်လိုက်ချိန် သူမ၏မျက်လုံးများ တောက်ပသွားသည်။

"အိုး၊ ဒါ ဘာလေးလဲ။ ဒီအတိုင်း အိမ်ပြန်လာတယ်လို့ ထင်တာ။ လက်ဆောင်တွေ ဘာတွေ မလိုပါ...."

ရှုရှီယန်၏လက်ထဲမှအိတ်အား ရိုင်းပြစွာ ဆွဲယူလိုက်ကာ ဖွင့်လိုက်သည်။ နိုင်ငံခြားမှ မည့်သို့သောဈေးကြီးသည့် လက်ဆောင်များ ပါလာသနည်းဟု စိတ်ဖြင့် စပ်စုကြည့်လေသည်။ အိတ်ထဲသို့ကြည့်လိုက်ချိန် သူမ စိတ်ပျက်သွားသည်။

"ဘာ၊ ငါ ထင်တာက.....၊ အိုး၊ မဟုတ်မှ ဒီပဲပင်ပေါက်အစေ့ကိတ်လေး နည်းနည်းဘဲ ဝယ်ခဲ့တယ်လို့ မပြောနဲ့။"

ဘူးပေါ်မှစာများအား ဆူရှူအီစိုက်ကြည့်လိုက်ကာ ရွံ့ရှာစက်ဆုပ်မှုကြောင့် သူမ၏မျက်နှာ ရှုံ့တွသွားသည်။

"အဲ့တာ... အဲ့တာက ပေကျင်းမှာလုပ်တဲ့ဟာလား။"

ရှုရှီယန် ရည်ရွယ်ချက်ရှိရှိလာလည်ခြင်းမဟုတ်သည့်အတွက် သူမတို့အတွက် လက်ဆောင်ယူလာရန်လည်း သူမ မတွေးပေ။ ထိုအိတ်အား ပြန်ယူလိုက်ကာ သူမ ပြောလိုက်သည်။

"အဖိုးအတွက် ဒီကိတ်မုန့်ကိုဝယ်လာတာ၊ ရှင့်အတွက် မဟုတ်ဘူး။"

ဆူရှူအီ သူမ၏မျက်လုံးအား လှန်လိုက်ကာ သူမအား နှိမ်သောအကြည့်ဖြင့်ကြည့်နေသည်။ သူတို့၏နှစ်ယောက်ကြားတွင် မိသားစုမေတ္တာ

တစ်စွန်းတစ်စမျှပင် မတွေ့ရပေ။ တစ်ယောက်နှင့် တစ်ယောက် စိုက်ကြည့်နေချိန် ရှုရှင်းရို အိမ်ထဲသို့ဝင်လာသည်။ ဆူဂန်သည် အမျိုးမျိုးသော စုံလင်လှသည့် ဈေးဝယ်အိတ်များအား သယ်လာသည်။ သမီးဖြစ်သူ ပြန်လာသည်ကို တွေ့သောကြောင့် နေရခက်နေသည့်တိတ်ဆိတ်မှုအားဖြိုခွဲရန် အခွင့်အရေးအားအသုံးချလိုက်ကာ ရှုရှင်းရိုအား အပြုံးဖြင့်ကို့လိုက်သည်။

"ရှင်းရို၊ ပြန်လာပြီလား။ ဘာလို့ ဒီလောက် ပစ္စည်းအများကြီး ယူလာတာလဲ။ မင်းကိုကြည့်ပါအုန်း၊ အမြဲတမ်း မိသားစုအတွက် လက်ဆောင်ယူလာဖို့ အမြဲတွေးနေတာ။ ဘယ်တော့မှကို တွန့်တိုတယ်မရှိဘူး။"

ရှုရှင်းရို နူးနူးညံ့ညံ့ပြုံးလိုက်သည်။

"ယူရမှာပေါ့။ အမေ့အတွက်ကကော အဖွားအတွက်ကော လက်ဆောင်ယူလာရမှာပေါ့။ အချိန်တိုင်း အိမ်ကိုလာပြီး အမေတို့ကို တွေ့နိုင်တာမှ မဟုတ်တာလေ။"

ထိုအချိန် ရှုမိသားစု၏အိမ်တော်၌ ဩဇာရှိသောအမျိုးသမီးကြီးသည် အခန်းထဲသို့ဝင်လာကာ ပြုံးလိုက်သည်။

"ရှုရှင်းရို၊ သမီးလား။"

"ဟုတ်တယ်၊ အဖွား။"

ရှုရှင်းရို အိမ်ထဲသို့ ဝင်ရောက်နေချိန်တွင် ရှုရှီယန်ရောက်နေကြောင်း သတိထားမိလိုက်သည်။ ရှုရှီယန်ထံ သတိကြီးစွာ ကြည့်လိုက်ကာ အမေဖြစ်သူဆူရှုအီအားမေးလိုက်သည်။

"အမေ၊ သူက ဘယ်လိုလုပ် ဒီမှာရာက်နေတာလဲ။"

ဆူရှုအီသည် သူတော်ကောင်းယောင်ဆောင်ရာ၌ တစ်ဖက်ကမ်းခတ် ကျွမ်းလှသည့်သူပေ။ သူမ၏သမီးအား လုပ်ယူထားသောစိတ်ရင်းအတုဖြင့်

ရှင်းပြလိုက်သည်။

"သမီးရဲ့ ညီမက အိမ်ကို အလည်လာတာပါ။ နေ့လယ်စာပြင်ဖို့အတွက် ကြက်တွေအများကြီး အမေမှာထားတယ်။ ညီအစ်မနှစ်ယောက်စလုံး အိမ်ပြန်လာတာ ရှားတယ်ဆိုတော့ နေ့လယ်သာ အတူတူစားကြတာပေါ့။"

မဒမ်ရှူသည် ရှုရှီယန်အားမတွေ့သည်မှာ နှစ်အတော်ကြာလေပြီဖြစ်သည်။ သူမ၏အမြင်သည် အလွန်ပင်ဆိုးရွားနေသည်။ သူမ၏ လမ်းလျှောက်ရာတွင်သုံးသည့် ကြိမ်တုတ်ကောက်လေးအား အတော်ပင် အမှီသဟဲပြုကာ ရှုရှီယန်ထံသို့ သူမ၏မျက်နှာအား အသေးစိတ်မြင်ရရန် ယိုင်တိယိုင်နဲ့ သွားလိုက်သည်။

"အိုး၊ အမလေး ငါ့ရဲ့ ရှုရှင်းရိုလေး။ မမြင်ရတာ ရက်ပိုင်းလေးဘဲရှိသေးတယ်၊ တော်တော်ကြီးကို ထွားလာပြီး လှလာပါကောလား။ မင်းရဲ့အမေ ငယ်ငယ်ထက်ကထက်ကို ပိုပြီး လှနေတာဘဲ။"

ရှုရှင်းရို အဖွားဖြစ်သူသည် ရှုရှီယန်အား သူမ မှတ်ကာ အထင်မှားနေပြီး ရှုရှီယန်အား ချီးကျူးနေလေသည် ကိုတွေ့ လေသည်။ ထိုအချိန်တွင် သူမ အရမ်းဒေါသထွက်နေကာ အန်ပင်အန်ထွက်နိုင်သည်အထိ ခံစားနေရသည်။ သူမ ရှေ့ကို အမြန်သွားလိုက်ကာ ရှုရှီယန်သည် အဖွားအား ဆွဲခေါ်ခိုးပြေးသွားမည်သကဲ့သို့ အဖွားအား ရှုရှင်းရို အဝေးကိုဆွဲခေါ်လိုက်သည်။ သူမလှည့်လိုက်ချိန်တွင် ရှုရှီယန်အား အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ခုတ်တစ်ချင်သော စူးရှလှသည့်အကြည့်ဖြင့် ကြည့်နေသည်။ လွန်ခဲ့သော ရက်အနည်းငယ်တွင် ရိုက်ကွင်း၌ဖြစ်ခဲ့သော ပါးရိုက်မှုအား သူတို့ မပြီးပြတ်သေးပေ။

ဒီကို သူကိုယ်တိုင် ဘယ်လို လာရဲရတာလဲ။

ဧည့်ခန်းထံတွင် ဆူရှုအီနှင့် သူမ၏သမီးတို့သည် မိသားစု၏အကြီးအကဲ

အား ကျေနပ်စေရန်အလို့ငှာ စကားစမြည်ပြောရင် အလုပ်ရှုပ်နေကြသည်။ ရှုရှီယန် ထိုသူတို့ကို ကျောခိုင်းခဲ့ကာ အဖိုးဖြစ်သူဆီသို့ ဆူဂန်အား သူမကို လိုက်ပို့ဆောင်စေသည်။ ရှုရှီယန် အဖိုးဖြစ်သူအား ကြည့်ရန်သွားသည့် အချိန်တွင် သူသည် ဤအိမ်တော်တွင် ထပ်ကြာကြာမနေနိုင်တော့ကြောင်း သတိထားမိလိုက်သည်။ အဖိုးဖြစ်သူအား ခြံဝင်း၏ အနောက်မြောက် ထောင့်ရှိ ဝေးလံကာ မှောင်ရိပ်ကျနေသော တဲလေးတစ်ခုထံတွင် ရွှေ့ထား ကြသည်။

ဒီနေရာ လူတစ်ယောက်နေဖို့အတွက် နေရာမဟုတ်ဘူး။

အရင်တုန်းက ခိုင်မာတဲ့ ကုန်ပစ္စည်းသိုလှောင်ရုံကြီးလေ။

ဘယ်လိုလုပ် အဖိုးကို ဒီနေရာမှာ ထားနိုင်ကြတာလဲ။

***

## အပိုင်း (၉၆)

## ဒီအယုတ်တမာတွေ။

ရှုရှီယန် တဲအပြင်တွင်ရပ်လိုက်ကာ ပြတင်းပေါက်မှတစ်ဆင့် အထဲသို့ ကြည့်လိုက်သည်။ သူမ၏အဖိုးသည် မှောင်မိုက်နေသောအခန်းထဲရှိ ကုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေကာ တစ်လက်မပင် မရွေ့ပေ။

အဖိုး အရမ်းကို နေမကောင်းဖြစ်နေတာဘဲ.....

ရှုရှီယန် အထဲသို့ဝင်မည်ပြုလိုက်ချိန် တံခါးအား အပြင်မှ သော့ခတ်ထားသည်ကို သူမ သိလိုက်သည်။

"ဆူဂန်" သူမ အော်ဆူလိုက်သည်။

"အဖိုးကို ဒီထဲ သော့ခတ်ထားတာလား။"

"အဘရဲ့စိတ်ဖောက်ပြန်မှုက တစ်နေ့တခြားပိုဆိုးလာတယ်။"

ဆူဂန်သက်ပြင်းချကာ ဆက်ပြောလိုက်သည်။

"အခု ဘယ်သူ့ကိုမှ သူမမှတ်မိတော့ဘူး။ အရင်တုန်းက တံခါးကို ဖွင့်ထားပေးကြ၊ ဒါပေမယ့် နှစ်ကြိမ် ထွက်ပြေးဖူးတယ်။ အဲ့တာကြောင့် အစ်မဆူရှုအီပ သော့ခတ်ခိုင်းထားတာပါ။"

ဒီလူတွေ ရူးကုန်ပြီလား။ ဒီလိုခယလုပ်တာ ပိုပြီးတော့ စိတ်ဖောက်ပြန်စေမှာပေါ့။

"တံခါးကို ဖွင့်လိုက်" ရှုရှီယန် အမိန်ပေးလိုက်သည်။

တံခါ ားပွင့်သွားသည်နှင့် အခန်းထဲမှ မယုံပြဘ်နိုင်အောင် အတော်

ပြင်းထန်သော အနံ့သက်ဆိုးဆိုးရှားရှားတစ်ခု တသ်မုန်ဟုန်ချင်းထွက်လာသည်။

"အစ်မ၊ ကျွန်မအထင် မဝင်တာ ပိုကောင်းမယ်ထင်တယ်။ အဘက နေရာတိုင်း ဆီးသွားပြီး မစင်စွန့်ထားတာ။"

ဆူဂန် နှာခေါင်းအား အုပ်ကာပြောလိုက်သည်။

ရှုရှီယန် တစ်ယောက်ယောက်အား သတ်နိုင်သည်အထိ ဒေါသအလွန်ထွက်နေသည်။

"ဘယ်သူမှ အဖိုးအခန်းကို သန့်ရှင်းရေးမလုပ်ဖူးလား။"

"လုပ်လည်း အပိုဘဲ။ ပြန်ပြီး ချက်ချင်းကို ညစ်ပတ်တာ။"

ဆူဂန်ပြောလိုက်သည်။ အိမ်တော်တွင် ဆူရှုအီသည် အမိန့်ပေးသော သူတစ်ယောက်ပင်ဖြစ်သည်။ ဘယ်သူမှ သူမအား မလွန်ဆန်နိုင်ပေ။

ရှုရှီယန် အနံ့အသက်အား မသိကျိုးကျွံပြုကာ အထဲသို့ဝင်သွားလိုက်သည်။ အထဲမှ အခြေအနေအား သူမမြင်လိုက်ချိန် မျက်ရည်များ တစ်ရစက်ကျလာသည်။ အခန်းကျဉ်းလေးသည် ရှုပ်ပွနေသည်။ မစင်များ ၊ ဆီးများသည် နံရံတစ်လျှောက်ပေပွနေသည်။ အဝတ်ညစ်များတစ်ပုံကိုလည်း ထောင့်တစ်နေရာတွင် ပုံထားသည်။ ကြမ်းပြင်တွင်လည်း ဆုတ်ဖြထားသော သတင်းစာများ ပြန့်ကျဲနေသည်။ စားပွဲခုံသေးလေးပေါ်တွင် ပန်းကန်အနည်းငယ်ထားကာ မှိုတက်နေသည့် ဆန်စေ့များ စာပွဲပေါ်တွင် ဖုံးလွှမ်းနေသည်။ ရှုရှီယန်၏အဖိုးသည် ဆွေးမြေ့နေသော သစ်သားကုတင်ပေါ်တွင် လှဲနေကာ သူမဘက်အား ကျောပေးထားသည်။ ထိုနေရာတွင် သန့်ရှင်းသည့်နေရာ တစ်နေရာမျှပင်မရှိပေ။

ရှုရှီယန်သည် အဖိုးဖြစ်သူရောက်နေသည့် အခြေအနေအားကြည့်ကာ

သူမ၏နှလုံးသား ကွဲကြေနေလေသည်။ သူမ၏မျက်ရည်များအား မထိန်းနိုင်ပေ။ သူမ၏နှလုံးသား တုန်လှုပ်နေသည်။ သူမ၏လက်များ တုန်လှုပ်နေသည်။ သူမ၏ တစ်ကိုယ်လုံးတုန်လှုပ်နေပေသည်။ သူမ ထွက်သွားပြီးနောက် ရှုမိသားစုသည် သူမ၏အဖိုးအား ဤသို့ ဆက်ဆံသည်ဟု သူမ တစ်ခါမျှပင်မသိပေ။ အခန်းကျဉ်းလေးတစ်ခုထဲတွင် သော့ခတ်ထားကာ သူတောင်းစားထက်ပင် ဆိုးရွားသော အစားအစာများနှင့် အဖိုးအား ထောင်သားတစ်ယောက်ကဲ့သို့ဆက်ဆံပေသည်။ ခြံမွေးတိရစ္ဆာန်တွေပင် အဖိုးထက်ပို၍ အဆင်ပြေပြေနေရပေအုန်းမည်။

ထို့ပြင် ဤသို့သောအချိန် ထိုသူတောင်းစား လူယုတ်မာများသည် ဇိမ်ရှိသောဘဝအရသာကို ခံစားနေပေသည်။

ရှုရှီယန် လှည့်လိုက်ကာ ဆူရှအီအားရှာရန် ပြန်ဝင်လိုက်သည်။ ရှုရှင်းရိုဝယ်လာသည့် လက်ဆောင်ပစ္စည်းများကို ဆူရှုအီနှင့် အဖွားဖြစ်သူတို့ ကြည့်ရှုနေကြသည်။ ဂျင်းဆင်းများ၊ ငှက်သိုက်များ၊ ဆေးဖက်ဝင်စားစရာများ၊ နာမည်ကြီးအဝတ်အစားများ.....။

ဆူဂန်၏သတိပေးမှုအား ရှုရှီယန် လျစ်လျူရှုကာ ဧည့်ခန်းထဲသို့ ဒုန်ဆိုင်းဝင်ရောက်သွားသည်။ ရှုရှီယန်ပြန်လာသည်ကို ရှုရှင်းရိုတွေ့လိုက်၍ သူမ၏အမေအားပြောလိုက်သည်။

"ရှုရှီယန်ပြန်လာပြီ။"

သူမ၏အဖွားဖြစ်သူ မေးလိုက်သည်။

"ရှုရှီယန်လား။ အဖွားတို့အတွက် ဘာလက်ဆောင်ပါလာလဲ။"

ဆူရှုအီဖြေလိုက်သည်။

"အဖိုးကြီးအတွက် ပဲပင်ပေါက်အစေ့ကိတ်မုန့်ဘဲ ယူလာတယ်တဲ့။"

ရှုရှီယန်၏ သနားစဖွယ်လက်ဆောင်အပေါ် ရှုရှင်းရိုပြုံးလိုက်သည်။

ကိတ်ဘဲဝယ်လာတယ်၊ ဟုတ်လား။ ဘယ်လိုတောင်လဲ။ ဆိုးရွားလိုက်တာ။

အဖွားဖြစ်သူ သက်ပြင်းချကာပြောလိုက်သည်။

"ယဉ်ကျေးမှုမရှိလိုက်တာ။ ကဲ၊ အဲ့တာဘဲလေ ကျင်ရှုရှယ်ရဲ့သမီးဆိုတာ။"

ရှုရှီယန်အား မိန်းမသုံးယောက် နှိမ့်ချစော်ကားနေချိန် သူမ လျှောက်လာကာ စားပွဲခုံအားကန်လိုက်ပြီး လက်ဆောင်များအား ဝှေ့ယမ်းလွှင့်ပစ်လိုက်သည်။

***